BURMESE




# သင်တို့ကလေးကို အဆင်သင့်ဖြစ်စေပါ

# KINDERGARTEN

**ကျောင်းစတက်ရက်အတွက် အဆင့်သင့်ဖြစ်စေရန် သင်တို့မိသားစုအတူပြုလုပ်နိုင်သည့်အရေးကြီးသော (နှင့် ပျော်စရာကောင်းသော) အဆင့်တစ်ချို့ ရှိပါသည်**

*သူငယ်တန်းအတွက် အဆင်သင့်ဖြစ်ခြင်း နောက်ထပ် အကြောင်းအရာနှင့် "Welcome to Kindergarten" parent guide ကို ဒေါင်းလုတ်လုပ်ရန်* ***earlylearning.mnps.org*** *သို့ သွားပါ။ Enrollment Center ကျောင်းအပ်ဌာန ၈ ခုထဲမှတစ်ခု၌ သို့မဟုတ် Office of English Learners ၌ (အပ္ပိုင့်မင့်ဖြင့်) ကော်ပီ လမ်းညွှန်ကို လာယူနိုင်ပါသည်။*

## အလေ့အထကောင်းများ

- ဆေးခန်း သို့မဟုတ် ဆရာဝန်ထံသွားပြီး ဆေးစစ်ချက်ယူရန် အပွိုင့်မင့်ပြုလုပ်ပါ။ လိုအပ်သောကာကွယ်ဆေးများထိုးပေးပြီး **Tennessee Certificate of Immunization** တွင် မှတ်တမ်းတင်ထားပါ။
- စောစောအိပ်ခိုင်းပါ။ သူငယ်တန်းမှာ အနားယူအိပ်ခိုင်းခြင်းများ မရှိပါဘူး။ ကလေးများ၌ အိပ်ချိန်များများရှိရန် လိုအပ်ပါသည်။
- ကျောင်းတက်ရက်များ၌ သင်တို့ကလေးအား  စွမ်းအင်ကောင်းစေရန် အာဟာရမျှတသောအစားအစာများကို ကျွေးမွေးပါ။
- အိမ်၌ လက်ဆေးသောအလေ့အထကို လေ့ကျင့်ပေးပါ။ လက်ဆေးခြင်း၏ အရေးပါမှုကို ရှင်းပြပါ။ ပျော်စရာဖြစ်အောင်  "**Happy Birthday** " သို့မဟုတ် "**ABC**" သီချင်းတစ်ပုဒ်ကို စက္ကန့်၂၀ ကြာအောင် ဆိုခိုင်းပါ။

## ကစားခိုင်းပါ

- ကလေးများသည် အတူဆော့ကစားသည့်အခါ တန်ဖိုးရှိသောလူမှုပေါင်းသင်းဆက်ဆံရေးတတ်ကျွမ်းမှုကို သင်ယူရရှိကြပါ၏။ သူငယ်တန်း၌ လိုအပ်သော ပေါင်းသင်းဆက်ဆံရေး၊ဝေမျှသုံးစွဲခြင်းနှင့်အခက်အခဲများဖြေရှင်းခြင်း ဆိုသည့် တတ်ကျွမ်းမှုသုံးခုကို သင်ယူလေ့လာရရှိကြပါသည်။

## ကိုယ့်အားကိုယ်ကိုးတတ်ရန် တစ်ဆင့်ချင်း ဖြေးဖြေး အားပေးပါ

- နေ့စဉ် လုပ်ဆောင်ရမည့်အရာများနှင့်အိမ်မှုကိစ္စများကို ကူညီခိုင်းပါ။ အဝတ်အစားဝတ်ခြင်း၊အိမ်သာတက်ခြင်း၊လက်ဆေးခြင်း၊ဗူးများဖွင့်ခြင်း(နို့ဗူးများ သို့မဟုတ် ဖျော်ရည်ဗူးများ)နှင့် စားပွဲများကို ရှင်းလင်းခြင်းစသည်တို့ကို သင်ကြားပေးပါ။ ၄င်းအတတ်များကို အိမ်၌ လေ့ကျင့်ပေးပါ။ သူငယ်တန်း၌ ပုံဆွဲခြင်း၊စာရေးခြင်းနှင့်ဖြတ်ညှပ်ခြင်းစသည့်အဆင့်များကလည်း သူတို့အား အဆင့်သင့်ဖြစ်စေရန် အထောက်အကူဖြစ်စေပါသည်။
- သွားတိုက်တတ်ရန် သင်ပေးပါ။ ၁ ရက်လျှင် ၂ ကြိမ်အတူ လေ့ကျင့်ပါ။

**သူငယ်တန်းအတွက် ပျော်စရာကောင်းပြီး ဆွဲဆောင်မှုရှိသောလှုပ်ရှားမှုများကို နေ့စဉ် ပြုလုပ်ရန် WWW.MNPS.ORG/COUNTDOWNTOKINDERGARTEN ၌ တွေ့ရသော KINDERGARTEN READINESS CALENDAR ကို အသုံးပြုပါ။**

## သူငယ်တန်းဖြင့်ပတ်သက်ပြီး သင်တို့ကလေးဖြင့် ပြောဆိုဆွေးနွေးပါ

- ကျောင်းတက်ခြင်းဖြင့်ရလာမည့် အတွေ့အကြုံကောင်းအားလုံးကို ဆွေးနွေးပါ။ ကျောင်းဖြင့် ရင်းနှီးဖို့ ကျောင်းသစ်ကို သွားကြည့်ပါ။ ဗွီဒီယိုခေါ်ဆိုမှုမှတဆင့် ရာဆရာမများဖြင့် တိုက်ရိုက် ချိတ်ဆက်နိုင်သောအွန်လိုင်း အစီအစဉ်များ သို့မဟုတ် အခွင့်အလမ်းများရှိမရှိ ကျောင်းသို့ ဆက်သွယ်ပါ။
- ဆွေးနွေးမှု များများလုပ်ပါ။ စာကြည့်တိုက်၊စားသောက်ဆောင်၊အားကစားရုံ၊ ရုံးခန်း၊ကစားကွင်းနှင့်စာသင်ခန်းများ၌ ပြုလုပ်ရမည်တို့ကို ဆွေးနွေးပါ။ ဝေါဟာရများ ကြွယ်ဝစေရန် အထောက်အကူဖြစ်စေမည့်စကားလုံးသစ်များကို မိတ်ဆက်ပေးပါ။
- စာဖတ်ပြခြင်းအပါအဝင် အိပ်ရာမဝင်ခင်အလေ့အထကို စလုပ်ပါ။ စာဖတ်ပြီးသည်နှင့် ကလေးအား ပုံပြင်ကို ပြန်ပြောခိုင်းပါ။ သူငယ်တန်းဖြင့် ပတ်သက်ပြီး အပြုသဘောဆောင်သောပြောဆိုမှုများပြုလုပ်ရန်နှင့် ချိတ်ဆက်စေရန် ဤသို့ ပြုလုပ်ခြင်းမှာ အလွန်ကောင်းသောအခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။

## ကျောင်းမတက်ခင်သင်ယူနိုင်ရန်နှင့်တိုးတက်လာရန် ကောင်းမွန်သောနည်းလမ်းများ

- သူတို့၏ပထမနာမည်နှင့်နောက်ဆုံးနာမည်ရေးခြင်းကို လေ့ကျင့်ပါ။
- မိသားစုဝင်များ၏ပုံကို ဆွဲခိုင်းပါ သို့မဟုတ် စာကြောင်းတိုကို ရေးခိုင်းပါ။
- ၁၀ အထိ ရေတွက်ခိုင်းပါ။ ၁၀ မှ ၀ အထိ ပြောင်းပြန် ရေတွက်ခိုင်းပါ။
- ဖိနပ်ကြိုးချီခြင်းကို လေ့ကျင့်ပါ။
- စီရီရယ်ဗူးကို ကြည့်ခိုင်းပြီး သိသောအက္ခရာစကားလုံးများကို ရှာခိုင်းပါ။
- ကားစီးရာတွင် ဆိုင်းဘုတ်များဖတ်ပြီး ၊ ဆိုင်းဘုတ်ပေါ်မှ အက္ခရာစာလုံးများကို ညွှန်ပြပြီး အသံထွက်ခိုင်းပါ။
- နှံ့ကျင်ဖက်ဂိမ်းကို ကစားပါ။ သင်က"အပေါ်" လို့ ပြောပြီး ကလေးကို "အောက်" ဟု ပြောခိုင်းပါ။  လွယ်ကူသောစကားတွဲများ (ကြီး/ငယ်နှင့် မြန်/နှေး) ဖြင့် စတင်ပြီး ၊ ခက်ခဲသောစကားလုံးများကိုလည်း လေ့ကျင့်ပါ။
- ထမင်းစား စားပွဲပြင်ခိုင်းပြီး အိမ်သားများအတွက် ဇွန်း၊ခက်ရင်း၊ပန်းကန်နှင့် ခွက်များလုံလောက်ခြင်းရှိမရှိ ရေတွက်ခိုင်းပါ။
- လျှော်ပြီးသားအဝတ်အစားများကို အရောင်အသွေးအမျိုးအစားအလိုက် ရွေးချယ်စီခိုင်းပြီး ခေါက်ခိုင်းပါ။ ရွေးထားစီထားသောအရောင်အမျိုးမျိုး၏ အကြောင်းကို  ပြောကြပါ။

METROPOLITAN NASHVILLE PUBLIC SCHOOLS (MNPS) သည် ၄င်း၏အစီအစဉ်များ၊ဝန်ဆောင်မှုများ သို့မဟုတ် ဆောင်ရွက်မှုများ၌ ဝင်ခွင့်ရရန်၊ လုပ်ဆောင်အသုံးပြုရန် သို့မဟုတ် အကောင်အထည်ဖော်ရန် လူမျိုး၊ဘာသာ၊အယူဝါဒ၊လိင်၊လိင်သတ်မှတ်မှု၊လိင်စိတ်ခံယူမှု၊ဇာတိနိုင်ငံ၊အသားအရောင်၊အသက် အရွယ် နှင့်/သို့မဟုတ် မသန်စွမ်းမှုကို အခြေခံပြီး ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။ MNPS သည် အလုပ်ခန့်အပ်ခြင်း သို့မဟုတ် လုပ်ငန်းပိုင်းဆောင်ရွက်မှုများ၌ လည်း ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။

METRO NASHVILLE PUBLIC SCHOOLS